ဒွန္နယာ လောကသည် အကျိုးခံစားသည့် အရာဖြစ်ပြီး လောက၏
အကျိုးခံစားမှုများအနက် အကောင်းဆုံးမှာ ကောင်းမြတ်သော
ဇနီးပင်ဖြစ်သည်။
အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ ဒွန္နယာ လောကသည် အကျိုးခံစားသည့် အရာဖြစ်ပြီး လောက၏
အကျိုးခံစားမှုများအနက် အကောင်းဆုံးမှာ ကောင်းမြတ်သော ဇနီးပင်ဖြစ်သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ လောကနှင့်
လောကရှိအရာများသည် အချိန်အတိုင်းအတာ တစ်ခုအထိ အကျိုးခံစားပြီး ပျောက်ကွယ်သွားမည့်
အရာများဖြစ်သည်။ သို့သော် လောက၏အကျိုးခံစားမှုများအနက် အမွန်မြတ်ဆုံးမှာ
ဘာသာတရားကိုင်းရှိုင်းသော ဇနီးပင်ဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းသော ဇနီးဟူသည်
အကယ်၍(ခင်ပွန်း)သည်က သူမအားကြည့်လိုက်သည့်အခါ သူ့ကိုပျှော်ရွှင်စေပြီး
အမိန့်တစ်ခုခုပေးသည့်အခါ သူ၏အမိန့်ကို နာခံလိုက်နာသည်။ အကယ်၍ ခင်ပွန်းသည်
သူမ၏ကွယ်ရာ၌ရှိနေလျှင် သူမသည်မိမိကိုယ်နှင့် ခင်ပွန်း၏ ပစ္စည်းဥစ္စာကို
ထိန်းသိမ်းစောင့်ရှောက်သည်။
https://sunnah.global/hadeeth/my/show/5794